၈။ ဦးစီးဌာန၏ရည်မှန်းချက်ပြည့်မီစေရေးနှင့်လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးဌာန(ရုံးချုပ်)သည် နေပြည်တော်တွင်တည်ရှိပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ရုံး(၁၅)ရုံး၊ ပြည်နယ်ရုံးခွဲ(၂)ရုံး၊ ခရိုင်ရုံး(၆၈)ရုံးနှင့် မြို့နယ်ရုံး (၂၈၈)ရုံးတို့ကို ဖွဲ့စည်းထူထောင်ထားပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် အရာထမ်း၊ အမှုထမ်းခွင့်ပြုအင်အား (၁၂၀၂၃) ဦး ရှိသည့်အနက် အရာထမ်း(၇၄၄) ဦး၊ အမှုထမ်း(၄၂၉၃) ဦး၊ စုစုပေါင်း (၅၀၇၃)ဦး ခန့်ထားပြီး ဖြစ်ပါသည်။




| တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများ | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ်ရုံး | ၁၅ |
| ပြည်နယ်ရုံးခွဲ | ၂ |
| ခရိုင်ရုံး | ၆၈ |
| မြို့နယ်ရုံး | ၂၈၈ |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွဲ့စည်းပုံအခြေပြဇယား

## ကျေးလက်ဒေသသောက်သုံးရေရရှိရေးဆောင်ရွက်ချက်များ

၉။ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၆)ပါ ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ UNICEF တို့နှင့်ပူးပေါင်း၍ ရေးဆွဲထားခဲ့ပြီးဖြစ်ပါသည်။ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်မှာ ၂၀၃၀ ခုနှစ်တွင် ထိရောက်အကျိုးရှိသော၊ တန်းတူညီမျှမှုရှိသော ကုန်ကျစရိတ်ကျခံနိုင်သည့် ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဖော်ထုတ်ချမှတ် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအားလုံး၏ လူမှုစီးပွားဘဝပိုမိုတိုးတက်လာစေရေးကို အထောက်အကူ ဖြစ်စေရန်ဖြစ်ပါသည်။ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကာလတိုဖြေရှင်းဆောင်ရွက်သည့်နည်းလမ်းများကို ကျင့်သုံးခြင်းမပြုတော့ဘဲ မဟာဗျူဟာမြောက်ချဉ်းကပ်မှုနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ယခုကဲ့သို့ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများအတွက် စဉ်ဆက်မပြတ် ဝန်ဆောင်မှုပေးနိုင်သည့်အခြေအနေရောက်ရှိရန် ဦးတည်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာ အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဓိကရည်ရွယ်ချက်မှာ ကျေးလက်ဒေသအားလုံးတွင် သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာရရှိစေရေး ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေးလုပ်ငန်းများတွင် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ ရေကန်နှင့် စိမ့်စမ်းများ တူးဖော်ပေးခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ အစိုးရသစ်စတင်တာဝန်ယူ ဆောင်ရွက်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ယနေ့အချိန်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာစုစုပေါင်း(၈,၂၆၄)ရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း (၉,၅၇၁) ခုကိုဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတစ်ဝှမ်းလုံး၏ (၇၅%)ကိုလွှမ်းခြုံပေးနိုင်ခဲ့ပြီး ကျေးလက်အိမ်ထောင်စုပေါင်း (၁.၀၇)သန်း (သို့မဟုတ်) လူဦးရေ (၅.၂၆) သန်းအကျိုးခံစားရရှိခဲ့ပါသည်။

## ကျေးလက်ရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ ခုနှစ် (၆)လဘတ်ဂျက် | ၂၀၁၈-၂၀၁၉ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁၁၀ | ၈၉ | ၇၈ | ၉၅ | ၃၇၂ |
| ၂ | ကယား | ၂၉ | ၇၃ | ၅၃ | ၆၄ | ၂၁၉ |
| ၃ | ကရင် | ၁၃၂ | ၈၆ | ၅၀ | ၂၈၃ | ၅၅၁ |
| ၄ | ချင်း | ၆၈ | ၆၁ | ၂၁ | ၃၈ | ၁၈၈ |
| ၅ | စစ်ကိုင်း | ၃၁၉ | ၂၂၂ | ၆၄ | ၁၇၃ | ၇၇၈ |
| ၆ | တနင်္သာရီ | ၁၃၂ | ၆၇ | ၄၈ | ၈၀ | ၃၂၇ |
| ၇ | ပဲခူး | ၉၃၃ | ၁၄၉ | ၂၁၇ | ၃၅၉ | ၁၆၅၈ |
| ၈ | မကွေး | ၂၇၄ | ၁၂၀ | ၄၉ | ၁၄၈ | ၅၉၁ |
| ၉ | မန္တလေး | ၃၁၉ | ၁၂၈ | ၄၅ | ၁၃၈ | ၆၃၀ |
| ၁၀ | မွန် | ၁၁၀ | ၈၂ | ၃၆ | ၁၁၈ | ၃၄၆ |
| ၁၁ | ရခိုင် | ၃၁၁ | ၂၆၀ | ၁၃၉ | ၁၈၇ | ၈၉၇ |
| ၁၂ | ရန်ကုန် | ၁၆၇ | ၁၀၄ | ၃၇ | ၉၉ | ၄၀၇ |
| ၁၃ | ရှမ်း | ၃၃၄ | ၂၁၉ | ၉၇ | ၃၇၂ | ၁၀၂၂ |
| ၁၄ | ဧရာဝတီ | ၄၆၇ | ၄၁၁ | ၁၀၀ | ၃၈၉ | ၁၃၆၇ |
| ၁၅ | နေပြည်တော် | ၅၃ | ၄၃ | ၁၇ | ၁၀၅ | ၂၁၈ |
| | စုစုပေါင်း | ၃၇၅၈ | ၂၁၁၄ | ၁၀၅၁ | ၂၆၄၈ | ၉၅၇၁ |



ဘုတလင်မြို့နယ်၊ လက်မံ(မ)ကျေးရွာ
တွင်းနက် တူးဖော်ခြင်းလုပ်ငန်း



ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာ
မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း



ဖလမ်းမြို့နယ်၊ ဆိမ်ဇော်ကျေးရွာ
စိမ့်စမ်းရေသွယ်ခြင်း



ဝိုင်းမော်မြို့နယ်၊ တာစန်းကျေးရွာလက်တူး
တွင်းတူးဖော်ခြင်း

## မြို့ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း

၁၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသော်လည်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ အတိုးနှုန်းသက်သာသောချေးငွေစီမံကိန်းမှ မြို့ရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်းများကို ကြီးကြပ်သူအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။မြို့ရေပေးရေးပေးလုပ်ငန်းများအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်း၍လည်း (JICA) ၏ အတိုးနှုန်းသက်သာသော ချေးငွေစီမံကိန်းအဆင့်(၁) တွင် မြို့(၂၃) မြို့ရေပေးရေးစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြို့ရေပေးရေးအဆင့်(၂) စီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ မြို့(၂၂) မြို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



မြို့ရေပေးရေး (ဘားအံ)



မြို့ရေပေးရေး (ပုသိမ်)



မြို့ရေပေးရေး (ပြည်)



မြို့ရေပေးရေး (ပုသိမ်)



မြို့ရေပေးရေး (မုံရွာ)



မြို့ရေပေးရေး (စစ်တွေ)

## ကျေးလက်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ချက်များ

၁၂။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို တိုင်းတာသောညွှန်းကိန်းတွင် စွမ်းအင်သုံးစွဲမှုနှုန်းသည်တစ်ခုအပါအဝင်ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအင်အထောက်အပံ့ရရှိခြင်းသည် မည်သည့်နိုင်ငံတွင်မဆိုလူနေမှုဘဝအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မရှိမဖြစ်အလွန်အရေးပါလှပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအစိုးရသည်နိုင်ငံသားများအတွက် စိတ်ချယုံကြည်ရသောလျှပ်စစ်စွမ်းအင် လက်လှမ်းမီရရှိရေးကို ဦးစားပေးအကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းစေရန်အတွက် ကမ္ဘာ့ဘဏ် နှင့်ပူးပေါင်း၍ အမျိုးသားလျှပ်စစ်မီးလင်းရေးစီမံချက်ကို ရေးဆွဲခဲ့ပါသည်။ အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို ကမ္ဘာ့ဘဏ် IDA ချေးငွေ အမေရိကန်ဒေါ်လာသန်း(၄၀)၊ အီတလီအစိုးရချေးငွေယူရိုသန်း(၃၀)၊ နိုင်ငံတော်ဘတ်ဂျက်၊ ပြည်သူအချိုးကျထည့်ဝင်ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

၁၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိမှုပိုမိုတိုးတက်လာစေရန်၊ ဝေးလံခေါင်းပါး၍ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောဒေသများတွင် ဓာတ်အားလိုင်းပြင်ပ ကြိုတင်မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြည်သူလူထုနှင့်ပူးပေါင်းဆောင်ရွက်ရန်၊ အစိုးရ-ပုဂ္ဂလိက-ပြည်သူတို့နှင့် ပူးပေါင်းပြီး လျှပ်စစ်မီးလင်းရေးစနစ်များ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် ရည်ရွယ်၍ အမျိုးသားအဆင့် လျှပ်စစ် ဓာတ်အားရရှိရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မဟာ

ခတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းမီးတိုင်၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေး အဆောက်အဦ မီးလင်းရေး များအပါအဝင်အ သေးစားခတ်အားလိုင်းစနစ်များနှင့် တစ်အိမ်သုံးဆိုလာမီးလင်းရေး စနစ်စသည့် စနစ်(၂)မျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းပြည်ပ ဖွံ့ဖြိုးရေး ဆောင်ရွက်သူများနှင့် ကုမ္ပဏီများအား အသေးစားခတ်အားစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အခွင့်အလမ်းပေးထားလျက်ရှိပြီး တစ်အိမ်သုံးဆိုလာစနစ်အတွက် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါစနစ်ကို အသုံးပြုဆောင်ရွက်လျှက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံ ပြည်သူများမှ နိုင်ငံတော်အစိုးရအပေါ် မှီခိုမှုစိတ်ခတ်များ လျော့နဲလာစေရန်နှင့် မိမိပိုင်ပစ္စည်း ကဲ့သို့သုံးစွဲတတ်စေရန် အတွက်ပြည်သူအချိုးကျထည့်ဝင်ငွေ(၅)ရာခိုင်နှုန်းမှ (၁၀)ရာခိုင်နှုန်း အထိ ပါဝင်စေသည့်စနစ်ကို ကျင့်သုံးလျက်ရှိပါသည်။

၁၄။ လက်ရှိအစိုးရသစ်လက်ထက် တာဝန်ယူဆောင်ရွက်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ယခုလက်ရှိအချိန်အထိ တစ်အိမ်သုံးဆိုလာစနစ်လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ကျေးရွာ (၅၄၄၁) ရွာ၌ လုပ်ငန်းပေါင်း (၃၅၃၃၄၈ )ခုအား ဆောင်ရွက်နိုင်ခဲ့သဖြင့် အိမ်ခြေ(၃၇၁၇၁၉) (သို့မဟုတ်) လူဦးရေ(၁.၈၅၈)သန်းတို့အား အကျိုးပြုနိုင်ခဲ့ပါသည်။ တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးလွှမ်းခြုံမှုနှုန်းအနေဖြင့် (၄၃.၆)ရာခိုင်နှုန်းရှိပါသည်။ မဟာခတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။




၂၀၁၆-၁၇ မှ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်ထိ ကျေးလက်မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာအရေအတွက်




## ၂၀၁၆-၁၇ မှ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်ထိ
## ကျေးလက်မီးလင်းရေးလုပ်ငန်း ကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု



စေတုတ္တရာမြို့နယ်၊ တယ်ဇာကျေးရွာ
စာသင်ကျောင်းဆိုလာစနစ်



ဒိုက်ဦးမြို့နယ်၊ ဗျက်ကလေးကျေးရွာ
ဓာတ်အားလိုင်းသွယ်တန်းထားရှိမှု



လပွတ္တာမြို့နယ်၊ ဘီတွက်ကျေးရွာ
ဇီဝဒြပ်ထုလျှပ်စစ်ဓာတ်အားပေးစနစ်



ဘုတ်ပြင်းမြို့နယ်၊ ရွာသစ်ကျေးရွာ
တစ်အိမ်သုံးဆိုလာစနစ်

## ကျေးလက်ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားများတည်ဆောက်ခြင်း

၁၅။ စိုက်ပျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော တန်ဖိုးကွင်းဆက်များ ဖြစ်ပေါ်လာစေရေးသည် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံများနှင့် ဖွံ့ဖြိုးတိုး

တက်ရေးနှင့်ဈေးကွက်များအပေါ်တွင် များစွာမူတည်နေပါသည်။ ကျေးလက်ကုန်ထုန်ထုတ်လမ်းများသည် စိုက်ပျိုးမွေးမြူသူများနှင့် ဈေးကွက်ကိုချိတ်ဆက်ပေးသည့် ပထမဦးဆုံးသော အဆင့်ဖြစ်ပါသည်။ ကျေးလက်ကုန်ထုတ်လမ်းများတည်ဆောက်ခြင်းဖြင့် ကျေးရွာပြင်ပဝန်းကျင်ရှိ ကုန်စည်ဒိုင်များနှင့်ပိုမိုလက်လှမ်းမီချိတ်ဆက်နိုင်စေခြင်း၊ ပျက်ဆီးလွယ်သောကောက်ပဲသီးနှံများ သယ်ယူပို့ဆောင်ချိန်တွင် ပျက်ဆီးဆုံးရှုံးမှုလျော့နဲစေခြင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့် ကျေးလက်နေမိသားစုများ ပြောင်းရွှေ့သွားလာခြင်းများတွင် အချိန်ကုန်သက်သာစေခြင်းစသော အထောက်အကူများစွာဖြစ်ထွန်းစေပါသည်။ ၂၀၁၈ခုနှစ်၊ (၆)လဘတ်ဂျက်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ကုန်ထုတ်လမ်းများအား ကျေးလက်ဒေသများ၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါတွင် စုစုပေါင်း ကျေးလက်ကုန်ထုတ်လမ်း (၃၄၁)မိုင် (၆)ဖာလုံ နှင့်ကျေးလက်ကုန်ထုတ် တံတား(၂၆၁)စင်းအား တည်ဆောက်နိုင်ခဲ့ပြီးစိုက်ကေ(၂၃၃၀၉၄)ကေနှင့်ကျေးလက်လူဦးရေ(၀.၄၇)သန်းကိုအကျိုးပြုစေနိုင်ခဲ့ပါသည်။ ဆောင်ရွက်ပြီးစီးမှုလုပ်ငန်း အသေးစိတ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ၂၀၁၈ (၆)လဘတ်ဂျက် မှ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်ထိ ကျေးလက်ကုန်ထုတ်လမ်းတံတား လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ၂၀၁၈ ခုနှစ် (၆)လဘတ်ဂျက် | | ၂၀၁၈-၂၀၁၉ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | ကုန်ထုတ် လမ်း | ကုန်ထုတ် တံတား | ကုန်ထုတ် လမ်း | ကုန်ထုတ် တံတား | ကုန်ထုတ် လမ်း | ကုန်ထုတ် တံတား |
| | | မိုင်/ဖာလုံ | စင်း/ပေ | မိုင်/ဖာလုံ | စင်း/ပေ | မိုင်/ဖာလုံ | စင်း/ပေ |
| ၁ | ကချင် | ၅ / ၂ | - | ၁၃ / ၄ | ၁၃ / ၁၂၂ | ၁၈ / ၆ | ၁၃ / ၁၂၂ |
| ၂ | ကယား | ၁ / ၁ | ၆ / ၃၆ | ၁၁ / ၂ | ၁၆ / ၂၆၀ | ၁၂ / ၃ | ၂၂ / ၂၉၆ |
| ၃ | ကရင် | ၁ / ၀ | ၁ / ၃၀ | ၁၀ / ၀ | ၅ / ၇၆ | ၁၁ / ၀ | ၆ / ၁၀၆ |
| ၄ | ချင်း | ၆ / ၃ | - | ၂၂ / ၇ | ၃ / ၁၂ | ၂၉ / ၂ | ၃ / ၁၂ |
| ၅ | စစ်ကိုင်း | ၁၁ / ၇ | ၂ / ၂၄ | ၃၉ / ၁ | ၁၇ / ၂၇၁ | ၅၁ / ၀ | ၁၉ / ၂၉၅ |
| ၆ | တနင်္သာရီ | ၂ / ၆ | ၁ / ၂၀ | ၅ / ၇ | ၃ / ၅၂ | ၈ / ၅ | ၄ / ၇၂ |
| ၇ | ပဲခူး | ၃ / ၅ | ၁၃ / ၇၂ | ၁၆ / ၀ | ၂၀ / ၁၉၄ | ၁၉ / ၅ | ၃၃ / ၂၆၆ |
| ၈ | မကွေး | ၇ / ၅ | ၅ / ၂၂ | ၂၆ / ၇ | ၂၀ / ၂၈၇ | ၃၄ / ၄ | ၂၅ / ၃၀၉ |
| ၉ | မန္တလေး | ၇ / ၀ | - | ၃၀ / ၅ | ၁၂ / ၆၁ | ၃၇ / ၅ | ၁၂ / ၆၁ |
| ၁၀ | မွန် | ၂ / ၂ | - | ၈ / ၂ | ၁၀ / ၁၅၅ | ၁၀ / ၄ | ၁၀ / ၁၅၅ |
| ၁၁ | ရခိုင် | ၄ / ၀ | ၄ / ၂၂ | ၆ / ၁ | ၂၂ / ၁၇၄ | ၁၀ / ၁ | ၂၆ / ၁၉၆ |
| ၁၂ | ရန်ကုန် | ၀ / ၄ | - | ၅ / ၄ | ၇ / ၆၆ | ၆ / ၀ | ၇ / ၆၆ |
| ၁၃ | ရှမ်း | ၁၄ / ၂ | ၃ / ၅ | ၅၁ / ၅ | ၆၆ / ၄၂၁ | ၆၅ / ၇ | ၆၉ / ၄၂၆ |
| ၁၄ | ဧရာဝတီ | ၃ / ၇ | ၄ / ၁၁ | ၁၀ / ၀ | ၇ / ၁၂၈ | ၁၃ / ၇ | ၁၁ / ၁၃၉ |
| ၁၅ | နေပြည်တော် | ၃ / ၄ | ၁ / ၅ | ၉ / ၁ | | ၁၂ / ၅ | ၁ / ၅ |
| | စုစုပေါင်း | ၇၅ / ၀ | ၄၀ / ၂၄၇ | ၂၆၆ / ၆ | ၂၂၁ / ၂၂၇၉ | ၃၄၁ / ၆ | ၂၆၁ / ၂၅၂၆ |



ရေစကြိုမြို့နယ်၊ မြေစွန်း-မြေတော်ကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှု



ရေးမြို့နယ်၊အစင်ကျေးရွာ မြေသားတင် ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု



တိုက်ကြီးမြို့နယ်၊ သာယာကုန်းကျေးရွာ ကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးမှု



ဘားအံမြို့နယ်၊ ထုံးအိုင်ကျေးရွာ ကွန်ကရစ် တံတားတည်ဆောက်ခြင်းလုပ်ငန်း

## ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်းစီမံကိန်း

၁၆။ ကျေးလက်နေပြည်သူများ၏ အိမ်ရာလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ ကျေးလက်ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များ ကျရောက်တတ်သည့် ဒေသများဖြစ်သော ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုင်ငံတော်အစိုးရ ဘတ်ဂျက်ဖြင့် ကျေးလက်အိမ်ရာများ တည်ဆောက်ပေးလျှက်ရှိပါသည်။ အထူးသဖြင့် သဘာဝဘေးကြောင့် အိုးအိမ်ပျက်ဆီးဆုံးရှုံး သွားသော ဆင်းရဲနွမ်းပါးမှုအများဆုံးနှင့် ထိခိုက်လွယ်အိမ်ထောင်စုများအား ဦးစားပေး၍ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးခဲ့ပါသည်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၏ တောင်းဆိုချက်အရ (၁၈ပေ၊ ၂၄ပေနှင့် ၉ပေ) ရှိသော ကျေးလက်အိမ်ရာများကို ယင်းအိမ်ထောင်စုများအား ဆောက်လုပ်ပေးခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ယခုအချိန်အထိ ကျေးလက် အိမ်ရာ တည်ဆောက်ပြီးစီးမှု လုပ်ငန်းစာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကယား | လုံး | ၂ | - | - | ၂ |
| ၂ | ချင်း | လုံး | ၁၁၈ | ၇ | ၂၀၀ | ၃၂၅ |
| ၃ | မန္တလေး | လုံး | - | ၂၅ | - | ၂၅ |
| ၄ | ရခိုင် | လုံး | ၁၀၀ | ၂၃၁ | ၃၀၀ | ၆၃၁ |
| | စုစုပေါင်း | လုံး | ၂၂၀ | ၂၆၃ | ၅၀၀ | ၉၈၃ |



ဖလမ်းမြို့နယ်၊ ကျင်မွာလ်ကျေးရွာ
ကျေးလက်အိမ်ရာပုံ



စစ်တွေမြို့နယ်၊ ညိုရောင်ကျေးရွာ
ကျေးလက်အိမ်ရာပုံ

## ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ

၁၇။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရည်မှန်းချက်များ၊ စိုက်ပျိုးရေးကဏ္ဍဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ မူဘောင်များနှင့်အညီ ကျေးလက်အခြေခံ အဆောက်အအုံများဖွံ့ဖြိုးရေး၊ ကျေးလက်အသက် မွေးဝမ်းကျောင်း၊ ဝင်ငွေတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအား အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့အခြေပြု စီမံကိန်းရေးဆွဲခြင်းနှင့် လူထုဗဟိုပြု ချဉ်းကပ်မှု နည်းလမ်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှဆောင်ရွက်လျက် ရှိသော လုပ်ငန်းစဉ်များ၏ အဓိကပင်မကျောရိုးဖြစ်ပြီး အဆိုပါ ပြည်သူ့အခြေပြု နည်းလမ်းများ ဖြင့် လူထုဖွံ့ဖြိုးရေးစီမံကိန်း (၄) ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ-

(က) ကမ္ဘာ့ဘဏ်၏အထောက်အပံ့ဖြင့်ဆောင်ရွက်လျက်ရှိသောလူထုဗဟိုပြုစီမံကိန်း (NCDDP)၊

( ခ) အာရှဖွံ့ဖြိုးရေးဘဏ်၏ ထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်အသက်မွေးဝမ်းကြောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၊

( ဂ) မြန်မာနိုင်ငံအစိုးရ၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊

(ဃ) တရုတ်နိုင်ငံ၏အထောက်အပံ့ဖြင့်ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုလျော့ချရေး ရှေ့ပြေးစီမံကိန်းတို့ဖြစ်ပါသည်။

၁၈။ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများ၏ယေဘူယျရည်ရွယ်ချက်မှာကျေးလက်ဒေသရှိပြည်သူလူထုများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ဝင်ငွေများတိုးပွားလာစေရန်နှင့် ကျေးလက်အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိစေပြီး လူနေမှုဘဝမြင့်မားလာစေရန်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းများအား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးခြင်း၊ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း၊ ပြည်သူဗဟိုပြုဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရေရှည်ဖွံ့ဖြိုးခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း စသည့် စည်းမျဉ်းစည်းကမ်းများအပေါ်တွင်အခြေခံ၍ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

## လူထုဗဟိုပြုစီမံကိန်း (NCDDP)

၁၉။ လူထုဗဟိုပြုစီမံကိန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အဓိကလူထုဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲသောကျေးလက်နေပြည်သူများအား ကျေးလက်အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရန်နှင့် အရေးပေါ်ကြုံတွေ့လာသောအခြေအနေများတွင် လျှင်မြန်ထိရောက်စွာတုံ့ပြန်နိုင်ရန်အတွက် အစိုးရအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရန် ဖြစ်ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက် များအောင်မြင်စေရန်အတွက် ပြည်သူဗဟိုပြု ချဉ်းကပ်မှုနည်းလမ်းဖြင့် အောက်ပါလုပ်ငန်းများ အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျေးလက်နေပြည်သူများမှ စိစစ်ရွေးချယ်ထားသော ကျေးလက်အခြေခံအဆောက်အအုံများ ဆောင်ရွက်ရန်ငွေကြေးထောက်ပံ့ပေးခြင်း၊

(ခ) ကျေးရွာများ၏ အဓိကဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာ စိစစ်ရွေးချယ်ပြီး စီမံချက်ရေးဆွဲကာ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ဒေသခံ အာဏာပိုင်များနှင့် ပူးပေါင်းကာ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) အောက်ခြေပြည်သူလူထုအဆင့်တွင် ဆင်းရဲသော၊ ထိခိုက်လွယ်သော အမျိုးသား/ အမျိုးသမီးများအနေဖြင့် ဖွံ့ဖြိုးရေးစီမံကိန်း စက်ဝန်းတစ်လျှောက်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။

၂၀။ လူထုဗဟိုပြုစီမံကိန်းအား ၂၀၁၃ခုနှစ် မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်(၆၃)ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပြီး ကျေးရွာပေါင်း(၁၂၀၁၁)ရွာရှိ ကျေးလက်နေပြည်သူ (၇.၁)သန်း ဦးရေအား အကျိုးပြုပေးနိုင်ခဲ့ပါသည်။ စီမံကိန်းအား ငွေကြေးထောက်ပံ့ပေးမှုအနေဖြင့် ကမ္ဘာ့ဘဏ်မှထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ(၈၀)သန်း၊ ချေးငွေ အမေရိကန်ဒေါ်လာ(၄၀၀)သန်း၊ အီတလီအစိုးရ၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ(၂.၄)သန်း၊ ချေးငွေ အမေရိကန်ဒေါ်လာ(၂၃.၈) သန်း၊ DFID ၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ(၃)သန်းနှင့် မြန်မာနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ(၃၀)သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ (၅၃၉.၂)သန်းဖြင့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

၂၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးလက်နေပြည်သူများ၏ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီပေးခြင်းနှင့် ပိုင်ရှင်စိတ်ဓါတ်ရှိခြင်းတို့ကြောင့် အောက်ဖော်ပြပါ ကျေးလက်အခြေခံအဆောက်အအုံများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

### ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ထိလူထုဗဟိုပြုစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | လုပ်ငန်း | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ ခုနှစ် (၆)လဘတ်ဂျက် | ၂၀၁၈-၂၀၁၉ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | လမ်းတံတား | ၃၁၅၃ | ၄၂၅၀ | ၅၂၂၃ | ၄၀၃၆ | ၃၃၇၄ | ၂၀၀၃၆ |
| ၂ | ရေပေးရေး | ၁၅၃၀ | ၁၁၅၇ | ၇၂၁ | ၆၅၇ | ၅၂၈ | ၄၅၉၃ |
| ၃ | မီးလင်းရေး | ၃၈၄ | ၄၈၄ | ၆၄၃ | ၅၈၅ | ၈၇၆ | ၂၉၇၂ |
| ၄ | စာသင်ကျောင်း | ၁၅၀၂ | ၁၀၄၄ | ၁၀၁၅ | ၉၂၀ | ၇၇၄ | ၅၂၅၅ |
| ၅ | ဆေးပေးခန်း | ၃၇ | ၃၃ | ၂၇ | ၂၅ | ၁၅ | ၁၃၇ |
| ၆ | ကျေးရွာခန်းမ | ၂၁၅ | ၄၁၆ | ၅၇၇ | ၅၆၀ | ၇၄၁ | ၂၅၀၉ |
| ၇ | စာကြည့်တိုက် | ၄၇ | ၃၈ | ၃၈ | ၃၇ | ၄၁ | ၂၀၁ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ကျေးလက်ဈေးနှင့် အခြား | ၁၆၂ | ၂၅၅ | ၃၄၉ | ၃၂၆ | ၃၆၂ | ၁၄၅၄ |
| | **စုစုပေါင်း** | ၇၀၃၀ | ၇၆၇၇ | ၈၅၉၃ | ၇၁၄၆ | ၆၇၁၁ | ၃၇၁၅၇ |



မဘိမ်းမြို့နယ်၊ လဝါကျေးရွာ
စာသင်ကျောင်းပြုပြင်ခြင်း



ကော့ကရိတ်မြို့နယ်၊ ကော့ပလံကျေးရွာ
ရွာတွင်းကွန်ကရစ်လမ်းဖောက်လုပ်ခြင်း



မင်းတုန်းမြို့နယ်၊ ကြက်ဝကျေးရွာ
ကြိုးတံတား တည်ဆောက်ခြင်း



ကနီမြို့နယ် အိုင်တောင်(တောင်)ကျေးရွာ
ကျေးရွာခန်းမ ဆောင်ရွက်ပြီးပုံ

## မြစိမ်းရောင်ကျေးရွာစီမံကိန်း(MSY)

၂၂။ မြစိမ်းရောင်စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကျေးလက်နေပြည်သူလူထုများအား အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ မိသားစုဝင်ငွေများတိုးပွားလာစေရန် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်း လျှော့ချနိုင်ရန်ဖြစ်ပါသည်။ ထို့ပြင် အဟာရပြည့်ဝသောအစားအသောက်များ ထုတ်လုပ်မှုမြှင့်တင်ရန်နှင့် စားနပ်ရိက္ခာဖူလုံစေရန်၊ ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းအားဖြင့် ကျေးလက်ကုန်ထုတ်လုပ်မှုမြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကြုံတွေ့လာသောအခြေအနေများတွင် ထိရောက်စွာ တုံ့ပြန်နိုင်စေရန်အတွက် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် တုံ့ပြန်မှုအားကောင်းမွန်သော လူ့အသိုက်အဝန်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါသည်။

၂၃။ မြစိမ်းရောင်စီမံကိန်းသည် ကျေးရွာတစ်ရွာလျှင် မတည်ပေးသည့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေမှာ မြန်မာငွေကျပ် သန်း(၃၀) (ခန့်မှန်းအမေရိကန်ဒေါ်လာ(၃၀၀၀၀) ဖြစ်ပြီး

နိုင်ငံတော် ဘတ်ဂျက်မှခွင့်ပြုငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မြစိမ်းရောင်စီမံကိန်းသည် ကျေးရွာ တစ်ရွာချင်းအလိုက် ရန်ပုံငွေမတည်ပေးပြီး ကျေးရွာရှိပြည်သူများထံသို့ အတိုးနှုန်း သက်သာစွာ ထုတ်ချေးပေးသည့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေနည်းလမ်းဖြင့် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းမတည်ငွေအား ကျေးရွာရှိပြည်သူများမှ ရွေးချယ် ထားသော ကော်မတီအဖွဲ့ဝင်များက စီမံခန့်ခွဲပြီး ကျေးရွာအဆင့်အစည်းအဝေးတွင် ကော်မတီ ဝင်များ၏ သဘောတူညီမှုအရ အတိုးနှုန်း(၀.၅%) မှ (၁.၅%) ဖြင့် အိမ်ထောင်စု တစ်စုစီအား ချေးငွေများ ထုတ်ပေးလျက်ရှိပါသည်။

၂၄။ စီမံကိန်းကျေးရွာများအား ရွေးချယ်ရာတွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီ သောကျေးရွာများကို ရွေးချယ်သွားမည်ဖြစ်ပါသည်-

(က) ဆင်းရဲသောကျေးရွာဖြစ်ခြင်း၊

( ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းနိုင်မှု အလားအလာရှိခြင်း၊

( ဂ) တရားဥပဒေစိုးမိုးခြင်း၊(အရက်ပုန်း၊ လောင်းကစား၊ မူးယစ်ဆေးဝါးကင်းစင်ခြင်း)

(ဃ) ကျေးရွာသူရွာသားများ၏ စိတ်အားထက်သန်မှုနှင့် စည်းလုံးမှုရှိခြင်း၊ (ကျေးရွာ ဖွံ့ဖြိုးရေးနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လိုစိတ်ပြင်းပြခြင်း)

( င) တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊

( စ) အနည်းဆုံးအိမ်ခြေ(၈၀)နှင့်အထက်နေထိုင်ခြင်း၊ (အိမ်ခြေ(၈၀)ထက်နည်းပါးပါက စီမံခန့်ခွဲရန် လွယ်ကူသော နီးစပ်ရာ ရွာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း)

(ဆ) အခြားသော NGOs/INGOs အဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် ဆောင်ရွက် လျှက်ရှိသော အသေးစားချေးငွေ ဝန်ဆောင်မှုမရှိသောကျေးရွာ ဖြစ်ခြင်း။

၂၅။ မြစိမ်းရောင်စီမံကိန်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ယခုချိန်ထိ မြန်မာ တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း(၂၈၉)မြို့နယ်၊ ကျေးရွာပေါင်း(၁၁၀၉၈)ရွာတွင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ စီမံကိန်းကာလ(၅)နှစ်တာအတွင်း အစိုးရ၏ဘတ်ဂျက် ကျပ်(၂၇၁.၇၁)ဘီလီယံအား စီမံကိန်းကျေးရွာများတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး စီမံကိန်းကျေးရွာများမှ အတိုးရငွေ ကျပ်(၁၂၀.၉၆)ဘီလီယံ ရရှိခဲ့ပြီးဖြစ်ပါသည်။ မြစိမ်းရောင်စီမံကိန်း၏ အကောင် အထည်ဖော်ဆောင်ရွက်လျှက်ရှိသော လုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ ရေလုပ်ငန်း၊ ငါးလုပ်ငန်း၊ ကျေးလက်မီးလင်းရေး၊ ကျေးရွာကုန်ထုတ်လုပ်ငန်း၊ အသေးစား ကုန်သွယ်ရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ ဖြစ်ပါသည်။ ၂၀၁၉ခုနှစ် ဇွန်လ၏စီမံကိန်းအစီရင်ခံစာအရမြစိမ်းရောင်စီမံကိန်းမှကျေးလက်ဒေသရှိအိမ်ထောင်စုများအား အောက်ဖော်ပြပါအတိုင်းအကျိုးပြုခဲ့ပါသည်-

## ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်း






ချောက်မြို့နယ်၊ မင်းကန်ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခြင်း



ထီးချိုင့်မြို့နယ်၊ ကွင်းကြီးကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခြင်း



ကလောမြို့နယ်၊ မြင်းကကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခြင်း



ထီးလင်းမြို့နယ်၊ ပုဏ္ဏားကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခြင်း

၂၆။ မြစိမ်းရောင်စီမံကိန်းသည် ကျေးရွာအသီးသီးမှရရှိသော အတိုးရငွေများဖြင့် မိမိတို့ကျေးရွာ၏အခြေခံအဆောင်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ခွင့်ပြုထားပါသည်။ မြန်မာတစ်နိုင်ငံလုံး၏ မြို့နယ်(၁၉၅)မြို့နယ်ရှိ ကျေးရွာပေါင်း (၉၀၀) ရွာတွင် အောက်ဖော်ပြပါ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျေးရွာ၏ အတိုးရငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

### အတိုးရငွေဖြင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | လုပ်ငန်း | အရေအတွက် | ကုန်ကျငွေ | ပြည်သူ | စုစုပေါင်း | ရာခိုင်နှုန်း (ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁ | လမ်းတံတား | ၅၇၉ | ၃၀၀၈.၅၃၆ | ၇၇၁.၆၉၁ | ၄၀၈၀.၂၂၇ | ၄၃.၃ |
| ၂ | ရေပေးရေး | ၇၃ | ၃၂၀.၇၄၁ | ၂၆၇.၈၁၉ | ၅၉၇.၅၅၇ | ၆.၃ |
| ၃ | မီးလင်းရေး | ၂၂၁ | ၁၄၇၅.၁၂၉ | ၁၉၄၃.၀၆၁ | ၃၄၁၈.၁၉၇ | ၃၆.၃ |
| ၄ | စာသင်ကျောင်း | ၅၀ | ၂၅၆.၃၈၁ | ၆၀.၄၀၃ | ၃၁၆.၇၈၄ | ၃.၄ |
| ၅ | စာကြည့်တိုက် | ၆ | ၂၄.၀၂၀ | ၁၁.၅၂၂ | ၃၅.၅၄၂ | ၀.၄ |
| ၆ | ဆေးပေးခန်း | ၅ | ၃၂.၁၀၀ | ၁၅.၁၀၀ | ၄၇.၂၀၀ | ၀.၅ |
| ၇ | ကျေးရွာခန်းမ | ၅၂ | ၄၁၃.၃၅၆ | ၁၄၈.၄၂၁ | ၅၅၁.၇၈၆ | ၅.၉ |
| ၈ | အခြား | ၈၁ | ၂၈၈.၈၀၁ | ၈၇.၂၉၀ | ၃၇၆.၀၉၁ | ၃.၉ |
| | စုစုပေါင်း | ၁၀၆၇ | ၆၁၀၉.၀၇၃ | ၃၃၁၄.၃၁၁ | ၉၄၂၃.၃၈၄ | ၁၀၀ |



ကွမ်းလုံမြို့နယ်၊ စံပြကျေးရွာတွင်
မူလတန်းကျောင်း တည်ဆောက်ခြင်း



မလှိုင်မြို့နယ်၊ ဆည်ကျေးရွာတွင်
မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း

၂၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းကို မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ လူထုအခြေပြုစီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားခြင်းလုပ်ငန်းစဉ်ကို ဖြည့်ဆီးဆောင်ရွက်ပေးရန်အတွက် ၂၀၁၅ခုနှစ်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းသည် ကျေးရွာ၏ ပကတိလိုအပ်သော ဖွံ့ဖြိုးရေး အစီအစဉ်များကို ပြည်သူကိုယ်တိုင်ဖော်ထုတ်၍ ဦးစားပေးလုပ်ငန်းအလိုက် စီမံချက်ရေးဆွဲပြီး ၎င်းတို့ကိုယ်တိုင်မိမိတို့၏ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂၈။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းမူဘောင်တွင် အဓိကအပိုင်း(၂)ပိုင်းပါဝင်ပါသည်။ အပိုင်း(၁)အနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းသည် ကျေးရွာလူထု၏ လူ့စွမ်းအားဗဟိုပြုသည့် ကျေးရွာလူထု၏ လူမှုစီးပွားဘဝအခြေအနေဆန်းစစ်ခြင်း(Participartory Rural Appraisal)ကိုအသုံးပြု၍ ကျေးရွာ၏လူမှုစီးပွားဘဝ အချက်အလက်များပါဝင်သည့် ကဏ္ဍစုံလွှမ်းခြုံသော ငါးနှစ်တာ၊ ကာလလတ်စီမံချက်မူဘောင်ရေးဆွဲခြင်းဖြစ်ပြီး အပိုင်း(၂)သည် နှစ်အလိုက်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ်သည် ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် လက်တွေ့ဆောင်ရွက်၍ ဒေသခံကျေးရွာလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆင်းရဲမှုလျော့ချရေးတို့ကို ပံ့ပိုးအားဖြည့်ပေးရန် ရည်ရွယ်ပါသည်။

၂၉။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကြောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့မှ နည်းပညာအကူအညီဖြင့် ဖော်ထုတ်၊ စမ်းသပ်၊ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသများရှိ ကျေးရွာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ကျေးရွာ(၁)ရွာလျှင် ငွေကျပ်(၁၀)သန်းနှုန်းဖြင့် စုစုပေါင်း(၂၀.၈၄)သန်းကို ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

များအပေါ်အခြေခံ၍ ကျေးလက်များရှိ လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့်အခြားဖွံ့ဖြိုးရေး လုပ်ငန်းများ ပါဝင်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း(၁၁၃၇၃)ရွာတွင် စီမံချက်များရေးဆွဲပေးနိုင်ခဲ့ပြီး ကျေးရွာပေါင်း(၄၇၁၈)ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း (၄၉၅၄)ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း၊ စီမံကိန်း ဆောင်ရွက်ခဲ့ခြင်းအားဖြင့် ကျေးလက်ဒေသများရှိ အိမ်ထောင်စုပေါင်း (၀.၈၁၆)သန်းရှိ လူဦးရေ(၃.၇)သန်းကို အကျိုးပြုစေခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | လုပ်ငန်း | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ ခုနှစ်(၆)လ | ၂၀၁၈-၁၉ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | လမ်းတံတား | ၁၁၂ | ၃၀၄ | ၆၂၇ | ၃၄၃ | ၂၀၃၁ | ၃၄၁၇ |
| ၂ | ရေပေးရေး | ၄၅ | ၄၅ | ၁၇၅ | ၃၁ | ၂၀၇ | ၅၀၃ |
| ၃ | မီးလင်းရေး | ၁၉ | ၁၁ | ၅၁ | ၁၉ | ၁၅၉ | ၂၅၉ |
| ၄ | စာသင်ကျောင်း | ၃၀ | ၁၅ | ၁၁၂ | ၃၉ | ၁၈၄ | ၃၈၀ |
| ၅ | ဆေးပေးခန်း | ၁၀ | ၂ | ၃၃ | ၆ | ၁၅ | ၆၆ |
| ၆ | ကျေးရွာခန်းမ | - | - | - | ၃၁ | ၁၃၅ | ၁၆၆ |
| ၇ | စာကြည့်တိုက် | ၂ | ၄ | ၁၂ | ၄ | ၉ | ၃၁ |
| ၈ | အခြား | ၁၄ | ၂၃ | ၅၂ | - | ၄၃ | ၁၃၂ |
| | စုစုပေါင်း | ၂၃၂ | ၄၀၄ | ၁၀၆၂ | ၄၇၃ | ၂၇၈၃ | ၄၉၅၄ |



ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း၊နတ်ချောင်း ကျေးရွာ၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး



ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ခြင်း၊ မင်းလုစုကျေးရွာ၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

## ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း (ERLIP)

၃၀။ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း(ERLIP)၏ အဓိက ရည်ရွယ်ချက်မှာ ရွေးချယ်သတ်မှတ်ထားသော ကျေးလက်ဒေသများတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမြှင့်တင်ပေးရန် နှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ လူထုပူးပေါင်းပါဝင်ချဉ်းကပ်မှု နည်းလမ်းကိုအသုံးပြုပြီး ရပ်ရွာလူထုအတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းကာ ဦးစားပေးလိုအပ်ချက်များသတ်မှတ်ခြင်း၊ ကျေးရွာနှင့်ကျေးရွာအုပ်စုအဆင့် ကျေးလက် အခြေခံအဆောက်အအုံနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးမြှင့်လာစေရန် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါသည်။ စီမံကိန်းအနေဖြင့် လူမှုအဖွဲ့အစည်းအတွင်းရှိ ရပ်ရွာလူထုအဖွဲ့များ၊



ရေစင်တည်ဆောက်ခြင်း ၊တောမကျေးရွာ၊
မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး



ချောင်းကူးကွန်ကရစ်တံတားတည်ဆောက်လုပ်ခြင်း၊
ကိုးရှင်းကျေးရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

သမဝါယမအသင်းအဖွဲ့များနှင့် အသက်မွေးဝမ်းကျောင်းအုပ်စုများ၏ စွမ်းဆောင်ရည်မြှင့်မား လာစေရန် ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ (ERLIP) စီမံကိန်းအကျိုးရလာဒ်များအနေဖြင့် စီမံကိန်းမှ ပံ့ပိုးဆောင်ရွက်ပေးမည့် ကျေးရွာများတွင် လိုအပ်နေသော ကျေးလက်ကုန်ထုတ်လုပ် မှုနှင့် လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံများ မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ပိုမို ကောင်းမွန်သော ဝင်ငွေအခွင့်အလမ်းများ ရရှိလာစေရန်ဖြစ်သည်။

၃၁။ ဤစီမံကိန်းတွင်(၁)လူထုအတွင်းအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ (၂)ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့် အခြေခံအဆောက်အအုံနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြှင့်တင် ခြင်းနှင့် (၃)အဖွဲ့အစည်းများအလိုက် စီမံကိန်းစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ခြင်းဟူ၍ အပိုင်း(၃)ပိုင်း ပါဝင်ပါသည်။ အစိတ်အပိုင်းတစ်ခုစီတွင် ကျား၊မတန်းတူညီမျှမှုနှင့် အမျိုးသမီးထု ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည့် တိကျသောလုပ်ငန်းစဉ်များလည်းပါဝင်ပါသည်။

၃၂။ (ERLIP)စီမံကိန်းကို ၂၀၁၄ ခုနှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်နှင့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မြို့နယ်(၃) မြို့နယ် တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာအုပ်စု(၆၃)အုပ်စု၊ ကျေးရွာပေါင်း (၂၉၃)ရွာ၊ လူဦးရေစုစုပေါင်း (၁၇၇၄၂၉) ဦး အကျိုးခံစားခွင့် ရရှိမည်ဖြစ်သည်။ (ERLIP)စီမံကိန်းကို မြန်မာ

အစိုးရ၏ နိုင်ငံတော်ထည့်ဝင်ငွေများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ စီမံကွတ်ကဲမှုဖြင့် ဂျပန်အစိုးရမှ ပေးအပ်သော ဂျပန်နိုင်ငံဆင်းရဲနွမ်းပါးမှု လျှော့ချရေးထောက်ပံ့ရန်ပံငွေ (JFPR) အမေရိကန်ဒေါ်လာ ၁၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

၃၃။ (ERLIP)စီမံကိန်းထောက်ပံ့ငွေကို စီမံကိန်းဆောင်ရွက်သည့်ဒေသရှိ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်သတ်မှတ်ထားသော ဦးစားဆောင်ရွက်မည့် အခြေခံအဆောက်အအုံ နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမြှင့်တင်ပေးရန် ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေသည် အခြေခံအဆောက်အအုံကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်း ကဏ္ဍနှစ်ခုစလုံးဆောင်ရွက်ရန်အတွက် ကျေးရွာအုပ်စုအတွင်းရှိလူဦးရေအပေါ် အခြေခံပြီးခွဲဝေထောက်ပံ့ပေးခြင်းဖြစ်သည်။ (ERLIP) စီမံကိန်း၏ အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်းခွဲများတိုးတက်မှုရလဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### မြို့နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်းခွဲများ




၃၄။ အသက်မွေးဝမ်းကျောင်းကဏ္ဍ အကောင်အထည်ဖော်ရာတွင် စီမံကိန်း မြို့နယ်(၃) မြို့နယ်အတွင်း ကျေးရွာပေါင်း(၂၉၃)ရွာကို လွှမ်းခြုံမိစေရန်ရည်ရွယ်ပါသည်။ စီမံကိန်းစက်ဝန်း (၂)နှစ်အတွင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာ(၂၉၃) ရွာတွင် အသက်



Erlip စီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ



Erlip စီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မွေးဝမ်းကျောင်းအဖွဲ့(၁၂၉၄) ဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များအနေဖြင့် ဝက်မွေးမြူရေးလုပ်ငန်းအပြင် အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် အခြားမွေးမြူရေးလုပ်ငန်းများ (ဆိတ်၊ ကြက်၊ဘဲ)၊ စိုက်ပျိုးရေးလုပ်ငန်းများ(ဟင်းသီးဟင်းရွက်၊ ပန်း၊ လက်ဖက်)၊ ရေလုပ်ငန်းများ (ငါးပိုက်ကွန်၊ ငါးပုစွန်၊ ဂဏန်းဖမ်းခြင်း)၊ အရောင်းအဝယ်လုပ်ငန်းများ(ဝယ်/ရောင်း)နှင့် အသေးစား အိမ်တွင်းလက်မှုလုပ်ငန်းများ (သို့) လက်မှုပညာများ (လက်ဖက်ထုတ်လုပ်ခြင်း၊ ပုစွန်ငပိထုတ်လုပ်ခြင်း၊ မြေပဲဆီထုတ်လုပ်ခြင်း၊ အုတ်ရိုက်လုပ်ငန်း၊ ဝါးခမောက်လုပ်ငန်း) စသည့်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ တနည်းအားဖြင့် ကွဲပြားမှုများသည် (ERLIP) စီမံကိန်း မြို့နယ် (၃) မြို့နယ်၏ သဘာဝမြေမျက်နှာသွင်ပြင်များပေါ်တွင် မူတည်နေခြင်းဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအဖွဲ့များ အဓိကထားဆောင်ရွက်သည့် ဝက်မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။



ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်တွင် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း



တနင်္သာရီတိုင်းဒေသကြီး၊ဘုတ်ပြင်းမြို့နယ်တွင် စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

## တရုတ်နိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်သောကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ချရေး စီမံကိန်း

၃၅။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၌ တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang မှ အဆိုပြုခဲ့သည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း (ကျေးရွာအဆင့်ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်း) အား တရုတ်နိုင်ငံ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် နှစ်နိုင်ငံအစိုးရတို့မှ သဘောတူခဲ့ကြပါသည်။

၃၆။ အဆိုပါစီမံကိန်းအား နေပြည်တော်၊ လယ်ဝေးမြို့နယ်ရှိ မင်းပြင်ကျေးရွာနှင့် တပ်ကုန်းမြို့နယ်ရှိ အေးချမ်းသာကျေးရွာတို့တွင် တရုတ်နိုင်ငံ၏ထောက်ပံ့ငွေ ယွမ် (၃၃.၃၃) သန်းဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၃)နှစ်တာ အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ တရုတ်နိုင်ငံမှ တရုတ်ဆင်းရဲမှုလျော့ချရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဦးဆောင်ကော်မတီရုံး (LGOP)အောက်ရှိ တရုတ်အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှု လျော့ချရေးဗဟို (IPRCC) နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့်အကောင်အထည် ဖော်လျက်ရှိပါသည်။

၃၇။ တရုတ်-မြန်မာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးစီမံကိန်း၏ အဓိကထား ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ လမ်းတံတား၊ ရေပေးရေးဆိုင်ရာ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် ကျေးရွာစီးပွားရေးလုပ်ငန်းများအား ထောက်ပံ့ကူညီပေးခြင်း၊ ရပ်ရွာအဆင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းများ အကောင် အထည်ဖော်ခြင်း၊ ဖွံ့ဖြိုးရေးအထောက်အကူပြုဆက်စပ်ပစ္စည်းများနှင့် စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်းများအတွက် နည်းပညာရှင်များ ပံ့ပိုးဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။

၃၈။ စီမံကိန်းကို ကျေးရွာ(၂)ရွာတွင် ရှေ့ပြေးစီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းမှာ ပြီးစီးလုနီးပါးရှိပြီး အခြားဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းလုပ်ငန်း၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘက်စုံသုံးခန်းမ၊ မြစ်ရေထိန်းနံရံလုပ်ငန်းများမှာ ယခုနှစ်အောက်တိုဘာလတွင် ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကဏ္ဍအနေဖြင့် စပါး၊ မြေပဲ၊ နှမ်းတို့ကို ဧက(၄၀)တွင် စံပြစိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။ လယ်ဝေး မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားသော ဆန်စပါး သရုပ်ပြစိုက်ကွက်ကိုလည်း စီမံကိန်းကျေးရွာများမှ ကျေးရွာသူ/သားများအား လေ့လာရေးခရီး လိုက်လံပို့ဆောင်ခဲ့ပါသည်။ မိသားစုဝင်ငွေတိုးပွားစေရေးအတွက် မင်းပြင်ကျေးရွာမှကျေးရွာသား(၅)ဦးကိုလည်းအထည်ချုပ် စက်ရုံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃၉။ စီမံကိန်းပြီးဆုံးတဲ့အခါရရှိလာမည့် မျှော်မှန်းရလဒ်များအနေဖြင့် -

(က) ကျေးရွာသူ/သားများ၏ အခြေခံကျသည့် သက်သာချောင်ချိမှုနှင့် အခြေခံ အဆောက်အအုံ အသုံးပြုခွင့်များ တိုးတက်မြင့်မားလာစေမည့်အပြင် ပြည်သူ့ ရေးရာဝန်ဆောင်မှုလုပ်ငန်း အသုံးပြုခွင့်များ တိုးပွားလာမှု။

(ခ ) ဒေသထွက်ကုန်များအတွက် ဈေးကွက်အသုံးပြုခွင့်များ မြင့်မားလာမှု။

(ဂ ) ဆင်းရဲမှုလျော့ချရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကျေးရွာလူထု၊ အစိုးရဝန်ထမ်းများနှင့် ကျေးရွာအဆင့်အဖွဲ့အစည်းများ၏ ကိုယ်တိုင်စီမံခန့်ခွဲ တတ်မှု၊ ကိုယ်တိုင်အုပ်ချုပ်ဆောင်ရွက်တတ်မှု စွမ်းဆောင်ရည်များ တိုးတက် မြင့်မားလာမှု။

(ဃ) ဒေသအခြေအနေနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးနည်းပညာများ တိုးတက်မြင့်မားလာစေပြီး ကျေးရွာအဆင့်ဆင်းရဲမှုလျော့ချရေးဆိုင်ရာ အဆင့်မီ ကောင်းမွန်သည့် စနစ်တစ်ရပ် ရေးဆွဲဖြစ်ထွန်းလာမှု တို့ဖြစ်ပါသည်။

**တရုတ်– နိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်သောကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျော့ချရေးစီမံကိန်း**

| စဉ် | ဆောင်ရွက်သည့် ကဏ္ဍ | အေးချမ်းသာကျေးရွာ | မင်းပြင်ကျေးရွာ | စုစုပေါင်း | ရန်ပုံငွေ ခွဲဝေချထားမှု အမေရိကန်ဒေါ်လာ (ကျပ်သန်း)(%) |
|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အအုံကဏ္ဍ | ၄ | ၅ | ၉ | ၁.၆ (၃၂ %) |
| ၂ | ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ | ၅ | ၃ | ၈ | ၀.၅၅ (၁၁ %) |
| ၃ | အသက်မွေးဝမ်းကျောင်းကဏ္ဍ | ၆ | ၆ | ၁၂ | ၀.၂ (၂ %) |
| ၄ | အဖွဲ့အစည်းဆိုင်ရာအားကောင်းမှုနှင့် စွမ်းရည်တည်ဆောက်ရေးကဏ္ဍ | ၆ | ၆ | ၁၂ | ၀.၆ (၁၂ %) |
| ၅ | အတွေ့အကြုံမျှဝေခြင်းကဏ္ဍ | ၄ | ၄ | ၈ | ၀.၆ (၁၂ %) |
| ၆ | နည်းပညာအကူအညီနှင့် တိုင်ပင်ဆွေးနွေးခြင်းကဏ္ဍ | ၆ | | ၆ | ၀.၉၅ (၁၉ %) |
| ၇ | စီမံကိန်းစီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာရေးကဏ္ဍ | ၆ | | ၆ | ၀.၃၅ (၇ %) |
| ၈ | အရေးပေါ်အခြေအနေ | - | - | - | ၀.၂၅ (၅ %) |



ရေပေးရေးလုပ်ငန်း၊ မင်းပြင်ကျေးရွာ
တပ်ကုန်းမြို့နယ်၊ နေပြည်တော်



မှိုစိုက်ပျိုးနည်းသင်တန်း၊ မင်းပြင်ကျေးရွာ
လယ်ဝေးမြို့နယ်၊ နေပြည်တော်




အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊
အေးချမ်းသာကျေးရွာ တပ်ကုန်းမြို့နယ်နေပြည်တော်



ရေပေးရေးလုပ်ငန်း၊ အေးချမ်းသာကျေးရွာ
တပ်ကုန်းမြို့နယ်၊ နေပြည်တော်

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း

၄၀။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင် ရည်များမြှင့်တင်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ဒေသလိုအပ်ချက်နှင့်ကိုက်ညီမှု၊ ဈေးကွက်သို့တင်ပို့နိုင်မှုများ စသည့် အချက်များအပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများကို သင်ကြားပို့ချပေးလျက် ရှိပါသည်။ အဆိုပါ အသက်မွေးဝမ်းကျောင်းသင်တန်း အမျိုးအစားများမှာ စိုက်ပျိုးရေးသင်တန်း၊ မွေးမြူရေးနှင့် ကုသရေးသင်တန်း၊ ကွန်ပျူတာဆိုင်ရာသင်တန်း၊ လက်သမား/ပန်းရံသင်တန်း၊ ဒီဇယ်/လျှပ်စစ်ဆိုင်ရာသင်တန်း၊ အိမ်တွင်းမှုသင်တန်းနှင့် အခြားသင်တန်းများ ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း အကြိမ်ရေ (၂၉၃၉) ကြိမ်ဖြင့် ကျေးလက်နေပြည်သူလူထု (၇၉၀၄၃)ဦးအား ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

### ကျေးလက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်နိုင်မှုအခြေအနေ

| စဉ် | လုပ်ငန်း | ၂၀၁၆-၂၀၁၇ | | ၂၀၁၇-၂၀၁၈ | | ၂၀၁၈ခုနှစ် (၆) လ ဘတ်ဂျက် | | ၂၀၁၈-၂၀၁၉ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကြိမ်ရေ | သင်တန်းသား | ကြိမ်ရေ | သင်တန်းသား | ကြိမ်ရေ | သင်တန်းသား | ကြိမ်ရေ | သင်တန်းသား | ကြိမ်ရေ | သင်တန်းသား |
| ၁ | စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆိုင်ရာသင်တန်း | ၈၂ | ၁၈၃၂ | ၈၅ | ၃၀၀၄ | ၂၅ | ၇၆၅ | ၂၁၇ | ၉၁၂၂ | ၄၀၉ | ၁၄၇၂၃ |
| ၂ | မွေးမြူရေးနှင့် ကုသရေး ဆိုင်ရာသင်တန်း | ၇၄ | ၁၉၅၆ | ၂၆ | ၉၄၃ | ၅ | ၂၁၅ | ၃၂ | ၁၄၅၀ | ၁၃၇ | ၄၅၆၄ |
| ၃ | ကွန်ပျူတာဆိုင်ရာသင်တန်း | ၅၉ | ၁၄၇၀ | ၆၉ | ၂၁၅၂ | ၁၈ | ၄၁၇ | ၅၈ | ၁၄၇၇ | ၂၀၄ | ၅၅၁၆ |
| ၄ | ဒီဇယ်/လျှပ်စစ်ဆိုင်ရာ သင်တန်း | ၈၈ | ၂၁၇၈ | ၉၈ | ၂၃၆၁ | ၄၂ | ၁၀၁၇ | ၈၈ | ၂၁၀၈ | ၃၁၆ | ၇၆၆၄ |
| ၅ | လက်သမား/ပန်းရံသင်တန်း | ၇၇ | ၂၁၄၉ | ၂၉ | ၈၈၂ | ၂၄ | ၅၀၂ | ၁၀၈ | ၂၄၁၉ | ၂၃၈ | ၅၉၅၂ |
| ၆ | အိမ်တွင်းမှုဆိုင်ရာသင်တန်း | ၁၃၂ | ၃၂၆၇ | ၂၃၃ | ၅၇၃၆ | ၁၂၉ | ၂၇၇၆ | ၃၅၈ | ၈၂၇၆ | ၈၅၂ | ၂၀၀၅၅ |
| ၇ | အခြားသင်တန်းများ | ၂၁၆ | ၇၄၈၅ | ၁၉၆ | ၄၇၁၉ | ၇၈ | ၁၈၂၂ | ၂၉၃ | ၆၅၄၃ | ၇၈၃ | ၂၀၅၆၉ |
| | စုစုပေါင်း | ၇၂၈ | ၂၀၃၃၇ | ၇၃၆ | ၁၉၇၉၇ | ၃၂၁ | ၇၅၁၄ | ၁၁၅၄ | ၃၁၃၉၅ | ၂၉၃၉ | ၇၉၀၄၃ |

## ကျေးလက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းမှတ်တမ်းဓာတ်ပုံများ





## ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၄၁။ နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းသာယာဝပြော၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် တည်ဆောက်နိုင်ရန်ရည်မှန်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျှက်ရှိပါသည်။ ယင်းချမှတ်ဆောင်ရွက်နေသော မျှော်မှန်းချက်များ အောင်မြင်စေရန်အတွက် နိုင်ငံတကာ၏ နည်းပညာအကူအညီနှင့် ဘဏ္ဍာငွေအထောက်အပံ့များ လိုအပ်လျှက်ရှိပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း(၂၅)ဖွဲ့ဖြင့် နားလည်မှုစာချွန်လွှာလက်မှတ်များရေးထိုးပြီး ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း(၂၈)ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ ထိုစီမံကိန်းများအနက် စီမံကိန်း(၇)ခုကို ချေးငွေဖြင့်ဆောင်ရွက်လျှက်ရှိပြီး ကျန်စီမံကိန်း(၂၁)ခုကို ထောက်ပံ့ငွေဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများစာရင်းနှင့် ယင်းအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | စီမံကိန်းလုပ်ငန်းများ | အဖွဲ့အစည်း |
|---|---|---|
| ၁ | ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ | World Bank, IFAD, IPRCC, Italy, Helvetas Swiss, TDH, Oxfam, Care |
| ၂ | အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ | World Bank, ADB, JICA, Kfw, Italy, UN-Habitat, Water Aid, Lien Aid, Peace Win Japan, NAG, Habitat for Humanity International Myanmar, arche nova |
| ၃ | အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ | ADB, MEDA, Help Age, World Vision, Progetto Continenti, Action Aid |
| ၄ | စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် နည်းပညာ အကူအညီပေးရေးလုပ်ငန်းများ | GIZ, Cuso |

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

၄၂။ စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သိသာထင်ရှားသော တိုးတက်မှုများကို ဖော်ဆောင်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို အဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ လိုအပ်ချက်နှင့် ယခင်အတွေ့အကြုံသင်ခန်းစာများအပေါ်အခြေခံပြီး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်အသက်မွေးဝမ်း ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာရေးဆောင်ရွက်ချက်များ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်း | ရေတွက်ပုံ | အရေအတွက် | လျာထားငွေ (ကျပ်သန်း) |
|---|---|---|---|---|
| ၁။ | ကျေးလက်ရေရရှိရေး | လုပ်ငန်း | ၁၇၁၂ | ၂၆၀၀၅.၉၆၈ |
| ၂။ | မြို့ရေပေးရေး | မြို့ | ၂၀ | ၂၄၅၆၈.၀၀၀ |
| ၃။ | ကျေးလက်မီးလင်းရေး | ကျေးရွာ | ၁၃၄၅ | ၂၅၁၁၀.၀၉၄ |
| ၄။ | ကျေးလက်အိမ်ရာ | လုံး | ၃၂၀ | ၁၈၂၀.၀၀ |
| ၅။ | ကျေးလက်ကုန်ထုတ်လမ်း | မိုင်/ဖာလုံ | ၅၆၈/၀.၄၇၃ | ၂၀၄၄၂.၃၁၁ |
| ၆။ | ကျေးလက်ကုန်ထုတ်တံတား | စင်း/ပေ | ၅၇၃/၅၀၁၄ | ၄၉၃၁.၁၇၆ |
| ၇။ | လူထုဗဟိုပြုစီမံကိန်း | မြို့နယ် | ၃၆ | ၉၂၂၁၀.၉၂၅ |
| ၈။ | မြစိမ်းရောင်ကျေးရွာစီမံကိန်း | ယူနစ် | ၅၀၀ | ၁၅၀၀.၀၀၀ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း | ကျေးရွာ | ၃၅၀၀ | ၃၅၀၀၀.၀၀၀ |
| ၁၀။ | အသက်မွေးဝမ်းကျောင်းသင်တန်း | ကြိမ်ရေ | ၉၃၃ | ၁၉၂၅.၀၀၀ |
| ၁၁။ | ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း | ကြိမ်ရေ | ၂၇၇ | ၄၅၀.၉၇၈ |
| ၁၂။ | ရုံးအဆောက်အဦ | ရုံး | ၂၅ | ၂၀၂၁.၅၉၀ |
| ၁၃။ | ဝန်ထမ်းအိမ်ရာ | လုံး | ၂၇ | ၃၀၅၂.၀၆၀ |

## နိဂုံး

၄၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) တို့နှင့် ကိုက်ညီသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျှော်မှန်းထားသည့် ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူလူထုများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နောင်လာမည့်နှစ်များတွင်လည်း ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုတိုက်ဖျက်ရေးကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ရာတွင် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန